
ရှိုင်းဝေလင်း( ပုတီးကုန်း)
အင်းတော်ရှင်ရဲခေါင်နှင့်
နတ်ကဝေသခင်မ

ရဲခေါင်နှင့် မဟာသိဒ္ဓိလည်း 'ဂမုန်းတစ်ထောင်' ကို သီရိရက္ခ ဆေးတောင်တော်သို့ ပြန်လည် ပို့ဆောင်နိုင်ရန် မြေလျှောက်ဝိဇ္ဇာ အဘိုးအိုကို ပေးပြီးနောက် ထိုမြေလျှောက်ဝိဇ္ဇာ အဘိုးအို၏ ထပ်မံ၍ တာဝန်ပေးချက်အရ နတ်ကဝေသခင်မကို နှိမ်နင်းရန်အတွက် ရိုးမတော၏ မြောက်ဘက်ရှိ ရေဆင်ချောင်း ရွာသို့ ခရီးဆက်ခဲ့ကြသည် ။

"ဆရာရေ ဟိုးရှေ့က မြင်နေရတာ ရေဆင်ချောင်းရွာ မဟုတ်လား"

"အင်း ဟုတ်တယ် မဟာသိဒ္ဓိ"

"ဒါနဲ့ ဒီရွာရဲ့ နာမည်က ထူးဆန်းသလိုပဲနော် ဆရာ"

"ဟိုရောက်ရင် အကြောင်းစုံ သိရမှာ ပေါ့ကွာ"

ထိုမျှလောက်သာ ပြော၍ စကားဖြတ်လိုက်ပြီး ခရီးဆက်ခဲ့ကြသည် ။

"ဟာ ဆရာ ဟို ဟိုမှာ "

ရွာထိပ်ရှိ ညောင်ပင်ကြီးပေါ်တွင် ဝဲပျံနေသော လင်းတကြီးသုံးကောင် ဝဲပျံနေသည် ။

"ငါမြင်တယ် မဟာသိဒ္ဓိ ဒီအတိုင်း ဆိုရင်တော့ ရွာထဲကို ချက်ချင်းဝင်ဖို့ မကောင်းသေးဘူး"

"ဒါပေမယ့်ဆရာ ရွာထိပ်အထိတော့ သွားကြည့်ဖို့ ကောင်းတာပေါ့"

"ကောင်းပြီ မဟာသိဒ္ဓိ သွားကြတာပေါ့"

ရဲခေါင်နှင့် မဟာသိဒ္ဓိလည်း ရေဆင်ချောင်း ရွာထိပ်သို့ သွားလေသ ည် ။ ရွာထိပ်သို့ ရောက်သော် ညောင်ပင်အောက်ရှိ နတ်ကွန်းတွင် လူတ စ်ယောက်ကို ချုပ်ထားကြပြီး ထိုနတ်ကွန်းပေါ်တွင် လင်းတများ ဝဲပျံနေ သည် ။

ထိုလင်းတကြီးများ သည် ရဲခေါင်တို့ အား မြင်သော် တဟု န်ထိုး ထိုး ဆင်း လာပြီး ရဲခေါင်တို့ ရှေ့ မလှမ်းမကမ်းသို့ ရောက်သော် အသက် နှစ် ဆယ်ဝန်းကျင် မိန်းကလေးများ အဖြစ် ပြောင်းလဲသွားသည် ။ ရဲခေါင် ကြည့်လိုက်တော့ ထဘီများကို ခေါင်းပေါင်းထားပြီး ဆံပင်ဖားလျား ချ ထားသည် ကို တွေ့ရသည် ။

"နတ်ကဝေသခင်မ နယ်ထဲကို ခွင့်ပြုချက်မရှိ ဝင်လာတာ ဘယ်သူ လဲဟေ့"

ထိုမိန်းကလေး သုံးဦးထဲမှ ပညာအရင့်ဆုံး ဖြစ်ပုံရသော မိန်းက လေးမှ ရန်စလိုက်သည် ။

"ကျုပ်နာမည် ရဲခေါင်။ အထက် ပုဂ္ဂိုလ်တွေရဲ့ တာဝန်ပေးလိုက်လို့ န တ်ကဝေသခင်မကို လာနှိမ်နင်းတာပဲ"

"နင့်ကိုယ် နင်ဘာထင်နေလဲ နတ်ကဝေ သခင်မဆိုတာ ကဝေထိပ် ခေါင် ဒေဝီတစ်ပါးပဲ နင့်အဆင့်နဲ့ ။ ရော့ ငါ့ရဲ့ စက်ကိုပဲ မြည်းကြည့်"

ဟု ဆိုကာ လက်တစ်ဖက်ဖြင့် စက်ထုတ်လိုက်ပြီး ရဲခေါင်တို့ ဆီသို့ ပ စ်လွှတ်လိုက်သည် ။

"ရှီး ..."

"ဝှန်း"

"ဟာ"

"ဟင်"

ရှီးဆိုသည့် ကား စုန်းမ၏ စက်လွှတ်သံဖြစ်ပြီး လမ်းတစ်ဝက်တွင် တစ်စုံတစ်ခုနှင့် တိုက်မိသွားပြီး 'ဝုန်း' ဟူသော ပေါက်ကွဲသံကြီး ထွက်လာ၍ စုန်းမ၏ စက်များမှာ အပိုင်းပိုင်း ပြတ်သွားခဲ့သည်။